# ဇာတကကိုအခြေခံ၍ရေးဖွဲ့သောမြန်မာစာပေ
# (တောင်ငူ၊ညောင်ရမ်း၊ကုန်းဘောင်)

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မမာလာဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇွန်လ

# ကျမ်းအကျဉ်းချုပ်

ဇာတကကိုအခြေခံ၍ရေးဖွဲ့သော မြန်မာစာပေ(တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်)ကို ဇာတကရှုထောင့်မှ လေ့လာတင်ပြ ထားသောကျမ်းဖြစ်ပါသည်။ ဤသို့ လေ့လာရာတွင် တောင်ငူခေတ်(၈၈၉–၉၅၈)၊ ညောင်ရမ်းခေတ် (၉၅၉–၁၁၁၃)နှင့် ကုန်းဘောင်ခေတ်(၁၁၁၄–၁၂၄၇)အတွင်း ဇာတကကိုအခြေခံ၍ ရေးဖွဲ့ထားသော စာပေပုံသဏ္ဌာန် အမျိုးမျိုးတို့ကြောင့် မြန်မာစာပေ အင်အားခိုင်မာတောင့်တင်းလာခဲ့ပုံကို သိရှိစေရန် ရည်ရွယ်ထားပါသည်။ မူလဇာတကကို အခြေခံ၍ရေးဖွဲ့သော စာပေပုံစံတိုင်း ဇာတကအဋ္ဌကထာ နိဿယများထက် ပိုမိုစိတ်ဝင်စားဖွယ် ကောင်းလာအောင် စာဆိုတို့ဖန်တီးခဲ့ကြသည်။ ထိုဖန်တီးမှုများကို လေ့လာတင်ပြရာတွင် ဇာတကတစ်ခုလုံးပြန်ဖွဲ့သော စာပေနှင့် ဇာတကများ ထည့်သွင်းကိုးကားသော စာပေဟူ၍ အမျိုးအစားခွဲကာ လေ့လာထားပါသည်။ ပုဂံခေတ်တွင် စတင်ဖြစ်တည်လာခဲ့သော ထေရဝါဒဗုဒ္ဓတရားတော်၏ ကျေးဇူးကြောင့် မြန်မာလူမျိုးတို့သည် ဇာတကစာပေနှင့် ရင်းနှီးခွင့်ရခဲ့ကြသည်။ ထိုမှတစ်ဆင့် ဇာတကစာပေများသည် မြန်မာစာပေသမိုင်း ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယင်းသို့သော ဇာတကစာပေများ ဖွံ့ဖြိုးတိုးတက် လာခဲ့သောကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ထေရ်ရဝါဒဗုဒ္ဓတရားတော်ကို ကိုးကွယ်ယုံကြည်မှု ပို၍တိုးပွားလာခဲ့ရပေသည်။ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှု၊ မြန်မာလူမှုရေးနယ်ပယ်တို့ ဖွံ့ဖြိုးတိုးတက်ခဲ့ရသည်မှာ ဇာတကကိုအခြေခံ၍ရေးဖွဲ့သော မြန်မာစာပေ၏ အကျိုးကျေးဇူးကြောင့်သာ ဖြစ်ပါသည်။